**မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့်**
**၎င်း၏ လက်အောက်ခံကုမ္ပဏီ**

**၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ ကုန်ဆုံးသောခြောက်လကာလအတွက်**
**အကျဉ်းချုံးစုပေါင်းကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများ**

ငွေကြေး - မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)

မြန်မာသီလဝါ အက်(စ်)အီးဇက်ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက် နှင့် ၎င်း၏ လက်အောက်ခံကုမ္ပဏီ

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့နှင့် ထိုနေ့ကုန်ဆုံးသောခြောက်လကာလအတွက်
အကျဉ်းချုံးစုပေါင်း ကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများ

မာတိကာ


| | |
|---|---|
| | စာမျက်နှာ |
| စီမံအုပ်ချုပ်သူများ၏ ကာဂန်ဖော်ပြချက် | ၁ |
| အကျဉ်းချုံးစုပေါင်းကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများ၏ သုံးသပ်ချက်အပေါ်အစီရင်ခံစာ | ၂ - ၃ |
| အကျဉ်းချုံးစုပေါင်းဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း | ၄ |
| အကျဉ်းချုံးစုပေါင်းဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း | ၅ |
| အကျဉ်းချုံးစုပေါင်းအစုရှင်များ၏ ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း | ၆ |
| အကျဉ်းချုံးစုပေါင်းငွေသားစီးဆင်းမှုရှင်းတမ်း | ၇ |
| အကျဉ်းချုံးစုပေါင်းကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများအပေါ် မှတ်စုများ | ၈ - ၃၁ |

**MTSH MYANMAR THILAWA SEZ HOLDINGS PUBLIC CO. LTD.**

Shwe Zabu River View Complex, 23G-1, No.3B, Tower (A), Penthouse-01 & 02, Strand Road, Ahlone Township, Yangon, Myanmar. Tel: (+951) 2301731, Email: info@mtshmyanmar.com

**မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်**
**စီမံအုပ်ချုပ်သူများ၏ တာဝန်ဖော်ပြချက်**

**မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (ကုမ္ပဏီ) နှင့် ၎င်း၏ လက်အောက်ခံကုမ္ပဏီ (ကုမ္ပဏီအုပ်စု)** ၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ အကျဉ်းချုံး စုပေါင်း ဘဏ္ဍာရေး အခြေအနေပြရှင်းတမ်း၊ ယင်းနေ့ကုန်ဆုံးသောခြောက်လကာလအတွက် အကျဉ်းချုံး စုပေါင်း ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်း၊ အကျဉ်းချုံး စုပေါင်း အစုရှင်များ၏ ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း၊ အကျဉ်းချုံး စုပေါင်း ငွေသားစီးဆင်းမှုရှင်းတမ်းနှင့် အကျဉ်းချုံး စုပေါင်း ကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများကို ရေးဆွဲရန်မှာ စီမံအုပ်ချုပ်သူများ၏တာဝန်သာ ဖြစ်ပါသည်။ အကျဉ်းချုံး စုပေါင်း ကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများရေးဆွဲရာတွင် စီမံအုပ်ချုပ်သူများသည် -

- ဆီလျော်သော စာရင်းဆိုင်ရာ မူဝါဒများအား ရွေးချယ်၍ တစ်သမတ်တည်း ကျင့်သုံးခြင်းနှင့်
- အမြော်အမြင်ရှိပြီး ကျိုးကြောင်းဆီလျော်မှုရှိသော ခန့်မှန်းခြင်းနှင့် ပိုင်းခြားချင့်ချိန်သုံးသပ်ခြင်းတို့ကို ပြုလုပ်ရန် လိုအပ်ပါသည်။

ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးအခြေအနေအမှန်ကို မည်သည့်အချိန်တွင်မဆို မှန်ကန်စွာဖော်ပြရန်အလို့ငှာ စီမံအုပ်ချုပ်သူများ အနေဖြင့် သင့်လျော်သော စာရင်းမှတ်တမ်းများကို ထိန်းသိမ်းထားရှိရန် တာဝန်ရှိပါသည်။ ကုမ္ပဏီအုပ်စု၏ ရပိုင်ခွင့်များကို လုံခြုံမှုရှိစေရန်နှင့် မသမာမှုများနှင့် အခြားစည်းမျဉ်းမကျမှုများကို ကာကွယ်ဖော်ထုတ်ရန် သင့်လျော်သလိုဆောင်ရွက်ခြင်း အတွက် ကျွန်ုပ်တို့တွင် အထွေထွေတာဝန်ရှိပါသည်။

စီမံအုပ်ချုပ်သူများကိုယ်စား

WIN AUNG
Chairman
MYANMAR THILAWA SEZ HOLDINGS PUBLIC CO., LTD.

၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက်။

ဝင်းသင်နှင့်အဖွဲ့လီမိတက်

WIN THIN & ASSOCIATES LTD

CERTIFIED PUBLIC ACCOUNTANTS

Room (2B/2C) 1st Floor, Rose Condominium, No. 182/194, Botahtaung Pagoda Road, Pazundaung Township, Yangon Region, Myanmar. Tel: 95-1-8201798, 8296164, Fax: 95-1-8245671 Email: info@winthinassociates.com

**စာအမှတ် - ၅၄၆/ အမ်-၂၅၅/ စက်တင်ဘာ ၂၀၂၄**

**အကျဉ်းချုံးစုပေါင်းကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများ၏ သုံးသပ်ချက်အပေါ်အစီရင်ခံစာ**

**မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ အစုရှယ်ယာရှင်များ**

**နိဒါန်း**

ကျွန်တော်များစာရင်းစစ်အဖွဲ့သည် **မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ လီမိတက် (ကုမ္ပဏီ) နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီ (ကုမ္ပဏီအုပ်စု)** ၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ အကျဉ်းချုံးစုပေါင်းဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း၊ ယင်းနေ့ကုန်ဆုံးသောခြောက်လကာလအတွက် အကျဉ်းချုံးစုပေါင်း ဝင်ငွေ အလုံးစုံပါဝင်သောရှင်းတမ်း၊ အစုရှင်များ၏ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း၊ ငွေသားစီးဆင်းမှုရှင်းတမ်းနှင့် အကျဉ်းချုံး စုပေါင်းကြားဖြတ် ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများ (“အကျဉ်းချုံးစုပေါင်း ကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများ”) ကို သုံးသပ်ခဲ့ပြီးဖြစ်ပါသည်။ အကျဉ်းချုံးစုပေါင်းကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများကို နိုင်ငံတကာစာရင်းကိုင်စံ ၃၄ ကြားဖြတ် ဘဏ္ဍာရေးအစီရင်ခံခြင်းနှင့်အညီ ပြုစုပြီး သင့်လျော်မှန်ကန်စွာ ရေးဆွဲဖော်ပြရန်မှာ စီမံအုပ်ချုပ်သူများ၏ တာဝန်ဖြစ်ပါသည်။ ကျွန်တော်များစာရင်းစစ်အဖွဲ့၏ သုံးသပ်ချက်အပေါ်အခြေခံ၍ အကျဉ်းချုံးစုပေါင်းကြားဖြတ် ဘဏ္ဍာရေးရှင်းတမ်းများအပေါ် ကောက်ချက်ချရန် ကျွန်တော်များစာရင်းစစ်အဖွဲ့၏တာဝန်ဖြစ်ပါသည်။

**သုံးသပ်ချက်နယ်ပယ်**

ကျွန်တော်များစာရင်းစစ်အဖွဲ့သည် နိုင်ငံတကာသုံးသပ်ချက်စံ ၂၄၁၀ “အဖွဲ့အစည်း၏ ပြင်ပစာရင်းစစ်မှ ဆောင်ရွက်သော ကြားဖြတ်ဘဏ္ဍာရေးအချက်အလက်၏ သုံးသပ်ချက်” နှင့်အညီ ကျွန်တော်များစာရင်းစစ်အဖွဲ့၏ သုံးသပ်ချက်ကို ဆောင်ရွက်ခဲ့ပါ သည်။ စုပေါင်းကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများသုံးသပ်ချက်တွင် ဘဏ္ဍာရေးနှင့်စာရင်းကိစ္စရပ်များအတွက် အဓိကတာဝန် ရှိသော ပုဂ္ဂိုလ်များကို မေးမြန်းခြင်း၊ ခွဲခြမ်းစိတ်ဖြာသုံးသပ်ခြင်းနှင့် အခြားသုံးသပ်ခြင်းလုပ်ထုံးလုပ်နည်းများပါဝင်ပါသည်။ သုံးသပ်ချက်သည် နိုင်ငံတကာစာရင်းစစ်စံများနှင့်အညီ ဆောင်ရွက်သော စာရင်းစစ်ဆေးခြင်းထက် နယ်ပယ်သိသိသာသာ နည်းပါးသောကြောင့် စာရင်းစစ်ဆေးခြင်းတွင် ဖော်ထုတ်နိုင်သည့် အရေးပါသောကိစ္စရပ်များအားလုံးကို ကျွန်တော်များ စာရင်းစစ် အဖွဲ့ သိရှိလာမည်ဟူသောအာမခံချက်ကို ကျွန်တော်များစာရင်းစစ်အဖွဲ့ ရရှိနိုင်မည်မဟုတ်ပါ။ ထို့ကြောင့် ကျွန်တော်များစာရင်း စစ်အဖွဲ့သည် စာရင်းစစ်ထင်မြင်ယူဆချက်ကို ဖော်ပြမည်မဟုတ်ပါ။

**နိဂုံး**

ကျွန်တော်များစာရင်းစစ်အဖွဲ့၏ သုံးသပ်ချက်အပေါ် အခြေခံ၍ ပူးတွဲပါ အကျဉ်းချုံး စုပေါင်းကြားဖြတ် ဘဏ္ဍာရေးရှင်းတမ်းများ သည် ကုမ္ပဏီအုပ်စု၏ ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ စုပေါင်းဘဏ္ဍာရေးအခြေအနေ၊ ယင်းနေ့ကုန်ဆုံးသော ခြောက်လကာလအတွက် လုပ်ငန်းဆောင်ရွက်မှုရလဒ်များနှင့် ငွေသားစီးဆင်းမှုများကို နိုင်ငံတကာ စာရင်းကိုင်စံ ၃၄ ကြားဖြတ်

ဘဏ္ဍာရေးအစီရင်ခံခြင်းနှင့်အညီ အခြေအနေအမှန်ကို မပေးနိုင်ကြောင်း ယုံကြည်နိုင်လောက်သည့် အကြောင်းအချက်ကို သတိပြုမိခြင်းမရှိပါ။

ကြည်ဝင်း (ပီအေပီပီ-၄၉၃)
အစုဝင်
ဝင်းသင်နှင့်အဖွဲ့ လီမိတက်
စာရင်းစစ်လုပ်ငန်းမှတ်ပုံတင်အမှတ် အေစီစီ ၀၀၈
၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ (၁၉) ရက်။

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီ

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ အကျဉ်းချုံးစုပေါင်းဘဏ္ဍာရေးအခြေအနေပြရှင်းတမ်း

ငွေကြေး - မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)

| | မှတ်စု | **၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်** | ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက် |
|---|---|---|---|
| **ရပိုင်ခွင့်များ** | | | |
| **လက်ငင်းမဟုတ်သော ရပိုင်ခွင့်များ** | | | |
| ပုံသေပိုင်ပစ္စည်း | ၉ | **၂,၉၂၃,၃၆၄** | ၃,၀၅၄,၅၃၁ |
| ထိတွေ့ကိုင်တွယ်၍မရသောပိုင်ဆိုင်ပစ္စည်း | | **၄၂၁** | ၅၂၂ |
| တွဲဖက်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံမှု | ၁၀ | **၄၇,၅၇၅,၁၉၈** | ၄၆,၃၂၇,၇၂၅ |
| အခြားရင်းနှီးမြှုပ်နှံမှု | | **၁၀,၀၀၀** | ၁၀,၀၀၀ |
| ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်း | ၁၁ | **၄,၂၅၀,၃၃၇** | ၃,၈၃၇,၈၃၇ |
| ရွှေ့ဆိုင်းထားသောအခွန်ရပိုင်ခွင့် | | **၅၀,၅၈၃** | ၅၀,၅၈၃ |
| အရစ်ကျရောင်းချခြင်းမှ အသားတင်ရရန်ရှိ | ၁၂ | **၂၃၀,၆၆၈** | ၂၉၇,၁၀၀ |
| အခြားရပိုင်ခွင့်များ | ၁၃ | **၃၅၄,၁၁၆** | ၃၅၁,၇၁၆ |
| | | **၅၅,၃၉၄,၆၈၇** | ၅၃,၉၃၀,၀၁၄ |
| **လက်ငင်းရပိုင်ခွင့်များ** | | | |
| ငွေနှင့် ငွေသားညီမျှခြင်းများ | ၁၄ | **၁၇,၉၃၁,၃၈၆** | ၁၁,၂၈၀,၈၈၄ |
| ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ | ၁၅ | **၁,၂၉၄,၂၁၄** | ၁,၃၃၄,၈၂၈ |
| ကုန်လက်ကျန်များ | ၁၆ | **၂၅,၃၉၁,၅၉၉** | ၂၅,၇၇၄,၈၉၆ |
| | | **၄၄,၆၁၇,၁၉၉** | ၃၈,၃၉၀,၆၀၈ |
| | | **၁၀၀,၀၁၁,၈၈၆** | ၉၂,၃၂၀,၆၂၂ |
| **ရင်းနှီးငွေနှင့် ပေးရန်တာဝန်များ** | | | |
| **ရင်းနှီးငွေ** | | | |
| ထုတ်ဝေပေးသွင်းပြီးအစုရှယ်ယာရင်းနှီးငွေ | ၁၇ | **၃၈,၉၂၉,၁၅၀** | ၃၈,၉၂၉,၁၅၀ |
| အမြတ်လက်ကျန်များ | | **၄၉,၂၄၁,၀၁၃** | ၄၃,၄၃၀,၂၈၈ |
| | | **၈၈,၁၇၀,၁၆၃** | ၈၂,၃၅၉,၄၃၈ |
| ထိန်းချုပ်နိုင်မှုမရှိသောပိုင်ဆိုင်မှုများ | | **၈,၁၁၂,၈၀၉** | ၇,၇၈၄,၆၃၇ |
| | | **၉၆,၂၈၂,၉၇၂** | ၉၀,၁၄၄,၀၇၅ |
| **လက်ငင်းမဟုတ်သောပေးရန်တာဝန်များ** | | | |
| ဝယ်သူများထံမှကြိုတင်ရငွေများ | | **၅၇,၁၈၈** | ၃၄,၁၅၄ |
| | | **၅၇,၁၈၈** | ၃၄,၁၅၄ |
| **လက်ငင်းပေးရန်တာဝန်များ** | | | |
| ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများ | ၁၈ | **၃,၅၁၁,၇၂၈** | ၁,၆၆၂,၃၆၃ |
| ချေးယူငွေ | ၁၉ | **၉၀,၀၀၀** | ၄၄၀,၀၀၀ |
| လက်ရှိနှစ်အတွက် အခွန်လျာထားချက် | | **၆၉,၉၉၈** | ၄၀,၀၃၀ |
| | | **၃,၆၇၁,၇၂၆** | ၂,၁၄၂,၃၉၃ |
| | | **၁၀၀,၀၁၁,၈၈၆** | ၉၂,၃၂၀,၆၂၂ |

စာမျက်နှာ ၈ မှ ၃၁ အထိ အကျဉ်းချုံးစုပေါင်းကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများကို ကြည့်ရန်။

MYINT ZAW
Chief Executive Officer
Myanmar Thilawa SEZ Holdings Public Co., Ltd.

WIN AUNG
Chairman
MYANMAR THILAWA SEZ HOLDINGS PUBLIC CO., LTD.

TUN LWIN
Vice Chairman
MYANMAR THILAWA SEZ HOLDINGS PUBLIC CO., LTD.

Yu War Tun
Chief Financial Officer
MYANMAR THILAWA SEZ HOLDINGS PUBLIC CO.,LTD.

## မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီ

**၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ကုန်ဆုံးသော ခြောက်လကာလအတွက် အကျဉ်းချုံးစုပေါင်းဝင်ငွေအလုံးစုံပါဝင်သော ရှင်းတမ်း**

ငွေကြေး - မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)

| | မှတ်စု | **၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်** | ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက် |
|---|---|---|---|
| ဝင်ငွေ | ၂၀ | **၁,၈၁၉,၅၅၆** | ၁,၀၄၇,၀၅၈ |
| ကုန်ရောင်းတန်ဖိုး | ၂၁ | **(၆၇၀,၇၂၈)** | (၄၄၀,၄၄၀) |
| **အကြမ်းအမြတ်** | | **၁,၁၄၈,၈၂၈** | ၆၀၆,၆၁၈ |
| အခြားဝင်ငွေ | | **၂၀,၆၇၄** | ၄,၆၆၆ |
| အမှန်ပေါ်ပေါက်ခဲ့သော ငွေကြေးလဲလှယ်မှု အရှုံးများ | | **(၄၃၃)** | (၅၄,၄၁၇) |
| အမှန်မပေါ်ပေါက်ခဲ့သောငွေကြေးလဲလှယ်မှု အမြတ်များ | ၂၂ | **၆,၉၆၇,၇၇၆** | - |
| အရောင်း၊ ဈေးကွက်ရှာဖွေရေးနှင့် လုပ်ငန်းဖွံ့ဖြိုးမှုအတွက် | | | |
| ကုန်ကျစရိတ်များ | ၂၁ | **(၆,၁၈၅)** | (၂,၃၀၅) |
| စီမံခန့်ခွဲမှုစရိတ်များ | ၂၁ | **(၁,၂၄၀,၉၁၂)** | (၁,၀၈၈,၈၇၆) |
| ဘဏ္ဍာရေးဝင်ငွေ | | **၃၈,၈၄၄** | ၈၂,၈၁၄ |
| ဘဏ္ဍာရေးစရိတ်များ | | **(၁၀,၂၂၀)** | (၇,၆၈၇) |
| **ကာလအတွက် အမြတ်/ (အရှုံး)** | | **၆,၉၁၈,၃၇၂** | (၄၅၉,၁၈၇) |
| တွဲဖက်ကုမ္ပဏီ၏ အချိုးကျအသားတင်အမြတ် | ၁၀ | **၁,၂၄၂,၈၆၃** | ၁,၇၁၅,၃၇၄ |
| **အခွန်မလျာထားမီ အမြတ်** | | **၈,၁၆၁,၂၃၅** | ၁,၂၅၆,၁၈၇ |
| ဝင်ငွေခွန်စရိတ် | ၂၃ | **(၇၅,၈၈၀)** | ၃၁,၇၈၁ |
| **ကာလအတွက် အသားတင် အမြတ်** | | **၈,၀၈၅,၃၅၅** | ၁,၂၈၇,၉၆၈ |
| ကာလအတွက် အခြားဝင်ငွေအလုံးစုံ | | **-** | - |
| **ကာလအတွက် စုစုပေါင်းဝင်ငွေအလုံးစုံ** | | **၈,၀၈၅,၃၅၅** | ၁,၂၈၇,၉၆၈ |
| **ခွဲဝေနိုင်သောအမြတ်** | | | |
| ကုမ္ပဏီအုပ်စု၏အစုရှင်များ | | **၇,၇၅၇,၁၈၃** | ၁,၃၃၀,၇၀၇ |
| ထိန်းချုပ်မှုမရှိသောပိုင်ဆိုင်မှုများ | | **၃၂၈,၁၇၂** | (၄၂,၇၃၉) |
| **ခွဲဝေနိုင်သော စုစုပေါင်း ဝင်ငွေအလုံးစုံ** | | | |
| ကုမ္ပဏီအုပ်စု၏အစုရှင်များ | | **၇,၇၅၇,၁၈၃** | ၁,၃၃၀,၇၀၇ |
| ထိန်းချုပ်မှုမရှိသောပိုင်ဆိုင်မှုများ | | **၃၂၈,၁၇၂** | (၄၂,၇၃၉) |
| **အစုရှယ်ယာတစ်စု၏ ဝင်ငွေ (တစ်စောင်လျှင်တန်ဖိုးကျပ်)** | | | |
| **အစုရှယ်ယာတစ်စု၏ အခြေခံဝင်ငွေ** | ၂၄ | **၁၉၉** | ၃၄ |
| **အစုရှယ်ယာတစ်စု၏ အားပျော့စေသောဝင်ငွေ** | ၂၄ | **၁၉၉** | ၃၄ |

စာမျက်နှာ ၈ မှ ၃၁ အထိ အကျဉ်းချုံးစုပေါင်းကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများကို ကြည့်ရန်။

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီ

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ကုန်ဆုံးသော ခြောက်လကာလအတွက် အကျဉ်းချုံးစုပေါင်းအစုရှင်များ၏ ပိုင်ဆိုင်ခွင့်များပြောင်းလဲမှုရှင်းတမ်း

ငွေကြေး - မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)

| | ထုတ်ဝေပေးသွင်းပြီး အစုရှယ်ယာရင်းနှီးငွေ | အမြတ်လက်ကျန်များ | ထိန်းချုပ်မှုမရှိသော ပိုင်ဆိုင်မှုများ | စုစုပေါင်းအစုရှင်များ၏ပိုင်ဆိုင်ခွင့်များ |
|---|---|---|---|---|
| **၂၀၂၃ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန်** | ၃၈,၉၂၉,၁၅၀ | ၄၃,၄၃၀,၂၈၈ | ၇,၇၈၄,၆၃၇ | ၉၀,၁၄၄,၀၇၅ |
| **ဝင်ငွေအလုံးစုံ** | | | | |
| ကာလအတွက် အမြတ် | – | ၇,၇၅၇,၁၈၃ | ၃၂၈,၁၇၂ | ၈,၀၈၅,၃၅၅ |
| ကာလအတွက် အခြားဝင်ငွေအလုံးစုံ | – | – | – | – |
| ကာလအတွက် စုစုပေါင်းဝင်ငွေအလုံးစုံ | – | ၇,၇၅၇,၁၈၃ | ၃၂၈,၁၇၂ | ၈,၀၈၅,၃၅၅ |
| **ပိုင်ရှင်များသို့/ ပိုင်ရှင်များထံမှ ထည့်ဝင်ငွေများ** | | | | |
| အစုရှယ်ယာထုတ်ဝေခြင်း | – | – | – | – |
| အမြတ်ဝေစု | – | **(၁,၉၄၆,၄၅၈)** | – | **(၁,၉၄၆,၄၅၈)** |
| ပိုင်ရှင်များသို့/ ပိုင်ရှင်များထံမှ စုစုပေါင်းထည့်ဝင်ငွေများ | – | **(၁,၉၄၆,၄၅၈)** | – | **(၁,၉၄၆,၄၅၈)** |
| **၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်** | **၃၈,၉၂၉,၁၅၀** | **၄၉,၂၄၁,၀၁၃** | **၈,၁၁၂,၈၀၉** | **၉၆,၂၈၂,၉၇၂** |
| **၂၀၂၃ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန်** | ၃၈,၉၂၉,၁၅၀ | ၄၄,၀၆၁,၈၇၄ | ၇,၇၁၂,၇၃၈ | ၉၀,၇၀၃,၇၆၂ |
| **ဝင်ငွေအလုံးစုံ** | | | | |
| ကာလအတွက် အမြတ် | – | ၁,၃၃၀,၇၀၇ | (၄၂,၇၃၉) | ၁,၂၈၇,၉၆၈ |
| ကာလအတွက် အခြားဝင်ငွေအလုံးစုံ | – | – | – | – |
| ကာလအတွက် စုစုပေါင်းဝင်ငွေအလုံးစုံ | – | ၁,၃၃၀,၇၀၇ | (၄၂,၇၃၉) | ၁,၂၈၇,၉၆၈ |
| **ပိုင်ရှင်များသို့/ ပိုင်ရှင်များထံမှ ထည့်ဝင်ငွေများ** | | | | |
| အစုရှယ်ယာထုတ်ဝေခြင်း | – | – | – | – |
| အမြတ်ဝေစု | – | (၁,၉၄၆,၄၅၈) | – | (၁,၉၄၆,၄၅၈) |
| ပိုင်ရှင်များသို့/ ပိုင်ရှင်များထံမှ စုစုပေါင်းထည့်ဝင်ငွေများ | – | (၁,၉၄၆,၄၅၈) | – | (၁,၉၄၆,၄၅၈) |
| **၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ရှိ စာရင်းပိတ်လက်ကျန်** | ၃၈,၉၂၉,၁၅၀ | ၄၃,၄၄၆,၁၂၃ | ၇,၆၆၉,၉၉၉ | ၉၀,၀၄၅,၂၇၂ |

စာမျက်နှာ ၈ မှ ၃၁ အထိ အကျဉ်းချုံးစုပေါင်းကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများကို ကြည့်ရန်။

## မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်းပတ်ဘလစ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်နှင့် ၎င်း၏လက်အောက်ခံကုမ္ပဏီ

**၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ကုန်ဆုံးသောခြောက်လကာလအတွက် အကျဉ်းချုံးစုပေါင်းငွေသားစီးဆင်းမှုရှင်းတမ်း**

ငွေကြေး - မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း)

| | **၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်** | ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက် |
|---|---|---|
| **လုပ်ငန်းဆောင်ရွက်ချက်များမှ ငွေသားစီးဆင်းမှုများ** | | |
| အခွန်မနုတ်မီ အသားတင်အမြတ် | ၈,၁၆၁,၂၃၅ | ၁,၂၅၆,၁၈၇ |
| ငွေသားမဟုတ်သော ကိုက်ညှိရေးဆွဲချက်များ | | |
| ပုံသေပိုင်ပစ္စည်း တန်ဖိုးလျော့ | ၂၀၂,၉၀၃ | ၁၆၉,၉၇၅ |
| ထိတွေ့ကိုင်တွယ်၍မရသော ပစ္စည်း တန်ဖိုးလျော့ | ၁၀၁ | ၂၂၀ |
| ပုံသေပိုင်ပစ္စည်းပယ်ဖျက်ခြင်း | – | ၆၉ |
| မပေါ်ပေါက်ခဲ့သောအမြတ်စာရင်းညှိနှိုင်းမှု | (၆,၁၆၇) | (၆,၅၀၉) |
| တွဲဖက်ကုမ္ပဏီ၏ အချိုးကျအသားတင်အမြတ် | (၁,၂၄၂,၈၆၃) | (၁,၇၁၅,၃၇၄) |
| အမှန်မပေါ်ပေါက်ခဲ့သော ငွေကြေးလဲလှယ်မှုအမြတ်များ | (၆,၉၆၇,၇၇၆) | – |
| ဘဏ္ဍာရေးစရိတ်များ | ၁၀,၂၂၀ | ၇,၆၈၇ |
| ဘဏ္ဍာရေးဝင်ငွေ | (၃၈,၈၄၄) | (၈၂,၈၁၄) |
| **လည်ပတ်ရင်းနှီးငွေပြောင်းလဲမှုမတိုင်ခင်လုပ်ငန်းဆောင်ရွက်ချက် အမြတ်/ (အရှုံး)** | ၁၁၈,၈၀၉ | (၃၇၀,၅၅၉) |
| **လည်ပတ်ရင်းနှီးငွေ ပြောင်းလဲမှုများ** | | |
| ကုန်သွယ်မှုနှင့် အခြားရရန်ရှိများ | ၄,၈၃၈ | ၄၅၄,၅၈၀ |
| ကုန်လက်ကျန်များ | (၉၀,၈၉၈) | (၁၃၈,၁၃၃) |
| ကုန်သွယ်မှုနှင့် အခြားပေးရန်ရှိများ | (၆၄,၁၁၆) | (၅၀၄,၉၉၅) |
| | (၃၁,၅၆၇) | (၅၅၉,၁၀၇) |
| ဝင်ငွေခွန်ပေးသွင်းငွေ | (၁၀,၀၀၀) | – |
| လုပ်ငန်းဆောင်ရွက်ချက်များမှ အသားတင်ငွေသား အသုံးပြုမှု | (၄၁,၅၆၇) | (၅၅၉,၁၀၇) |
| **ရင်းနှီးမြှုပ်နှံမှုလုပ်ဆောင်ချက်များမှ ငွေသားစီးဆင်းမှုများ** | | |
| ပုံသေပိုင်ပစ္စည်းဝယ်ယူမှု | (၈,၄၈၄) | (၁၅,၀၅၁) |
| အခြားရပိုင်ခွင့်များ | (၂,၄၀၀) | (၆,၄၃၄) |
| အရစ်ကျရောင်းချခြင်းမှ အသားတင်ရရန်ရှိ | ၆၆,၄၃၂ | ၆၃,၈၇၇ |
| အတိုးရငွေ | ၃၈,၈၄၄ | ၈၂,၈၁၄ |
| **ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်ချက်များမှ အသားတင်ငွေသား စီးဝင်မှု** | ၉၄,၃၉၂ | ၁၂၅,၂၀၆ |
| **ဘဏ္ဍာရေးဆောင်ရွက်ချက်များမှ ငွေသားစီးဆင်းမှုများ** | | |
| အစုရှင်များသို့ ထုတ်ပေးခဲ့သောအမြတ်ဝေစု | (၂၅,၆၀၇) | (၁,၈၃၉,၉၃၃) |
| အတိုးပေးငွေ | (၂၃,၅၄၉) | – |
| ချေးယူခြင်းမှ ရငွေ | ၃၈၅,၀၀၀ | ၁၅၀,၀၀၀ |
| ချေးယူငွေ ပြန်ဆပ်ခြင်း | (၇၃၅,၀၀၀) | – |
| ဝယ်သူများထံမှကြိုတင်ရငွေများ | ၂၂,၆၇၇ | (၁,၇၁၅) |
| **ဘဏ္ဍာရေးဆောင်ရွက်ချက်များမှ အသားတင်ငွေသား အသုံးပြုမှု** | (၃၇၆,၄၇၉) | (၁,၆၉၁,၆၄၈) |
| **ငွေနှင့် ငွေသားညီမျှခြင်းအသားတင် အလျော့** | (၃၂၃,၆၅၄) | (၂,၁၂၅,၅၄၉) |
| ကာလအစရှိ ငွေနှင့် ငွေသားညီမျှခြင်းများ | ၁၁,၂၈၀,၈၈၄ | ၁၂,၉၅၄,၆၂၈ |
| နိုင်ငံခြားငွေလဲလှယ်နှုန်းပြောင်းလဲမှု၏ အကျိုးသက်ရောက်မှု | ၆,၉၇၄,၁၅၆ | – |
| **ကာလအဆုံးရှိငွေနှင့် ငွေသားညီမျှခြင်းများ** | ၁၇,၉၃၁,၃၈၆ | ၁၀,၈၂၉,၀၇၉ |

စာမျက်နှာ ၈ မှ ၃၁ အထိ အကျဉ်းချုံးစုပေါင်းကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများအပေါ်မှတ်စုများကို ကြည့်ရန်။

## ၁။ အထွေထွေ

မြန်မာသီလဝါ အက်(စ်)အီးဇက် ဟိုးဒင်း ပတ်ဘလစ် အများနှင့် သက်ဆိုင်သော ကုမ္ပဏီ လီမိတက် (ကုမ္ပဏီ) ကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၌ ၂၀၁၃ ခုနှစ်၊ မေလ (၃) ရက်နေ့တွင် မြန်မာနိုင်ငံကုမ္ပဏီများ အက်ဥပဒေအရ ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ထိုအက်ဥပဒေကို မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေ (၂၀၁၇) ဖြင့် အစားထိုး ပြင်ဆင်ခဲ့ပါသည်။ အဆိုပါဥပဒေအသစ်အရ ကုမ္ပဏီကို ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၅၁၈၃၀၂၉၃ ဖြင့် ပြန်လည်မှတ်ပုံတင်ခဲ့ပြီး ဖြစ်ပါသည်။

Class A Project အား ရင်းနှီးတည်ဆောက်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်းနှင့် လုပ်ကိုင်လည်ပတ်ခြင်း အလို့ငှာ ဖက်စပ်ကုမ္ပဏီကို တည်ထောင်ရန်အတွက် ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်အရ ဤကုမ္ပဏီနှင့် MMST LLP (MMS Thilawa Limited Liability Partnership) တို့အကြား နားလည်မှုမှတ်တမ်းသဝဏ်လွှာတစ်ရပ်ကို ၂၀၁၃ ခုနှစ်၊ မေလ (၂၆) ရက်နေ့၌ လက်မှတ်ရေးထိုးခဲ့ကြပါသည်။

Class A Project အား ရင်းနှီးတည်ဆောက်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်းနှင့် လုပ်ကိုင်လည်ပတ်ခြင်းအလို့ငှာ ဖက်စပ်ကုမ္ပဏီကို တည်ထောင်ရန်အတွက် ဤကုမ္ပဏီသည် သီလဝါ SMC (Thilawa SEZ Management Committee) နှင့် MMSTD (MMS Thilawa Development Company Limited) တို့သည် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၂၉) ရက်နေ့၌ ဖက်စပ်ကုမ္ပဏီသဘောတူညီချက်အား ချုပ်ဆိုဝင်ရောက်ခဲ့ကြပါသည်။ ယင်းဖက်စပ်ကုမ္ပဏီကို မြန်မာဂျပန်သီလဝါ ဒီဗလော့မန့် လီမိတက် (MJTD) အဖြစ် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။

အချို့သော ကြိုတင်သတ်မှတ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပြီးစီးမှုအပေါ်မူတည်လျက်၊ ဖက်စပ်ကုမ္ပဏီ သဘောတူညီချက်အရ၊ ဤကုမ္ပဏီက ကနဦးအနေဖြင့် ဖက်စပ်ကုမ္ပဏီ၏ရှယ်ယာများတွင် ၄၁% အချိုးဖြစ်သော စုစုပေါင်း အမေရိကန်ဒေါ်လာ ၅၀,၀၀၀,၀၀၀ ကိုထည့်ဝင်ခဲ့ပါသည်။

မှတ်ပုံတင်ထားသောကုမ္ပဏီ၏ လိပ်စာသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ရန်ကုန်တိုင်းဒေသကြီး၊ အလုံမြို့နယ်၊ ကမ်းနားလမ်း၊ ရွှေဗဟိုရေးဗားဗျူးကွန်ဒိုလပ်၊ ၂၃ ဂျီ - ၁၊ အမှတ် - ၃ (ဘီ) တာဝါ - အေ၊ Penthouse – ၀၁ - ၀၂ တွင် တည်ရှိပါသည်။

ဤကုမ္ပဏီ၏ အဓိက စီးပွားရေးလုပ်ငန်းများမှာ

- Class A Project အား ရင်းနှီးတည်ဆောက်ခြင်း၊ ဈေးကွက်တင်ရောင်းချခြင်းနှင့် လုပ်ငန်းများဆောင်ရွက်ခြင်း တို့ကို တာဝန်ယူလုပ်ကိုင်မည့် ဖက်စပ်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံကာ ယင်း၏ စီမံအုပ်ချုပ်မှုတွင် ပါဝင်ဆောင်ရွက်ခြင်း။

- Class A Properties အား မြန်မာဆက်နွယ်အဖွဲ့အစည်းများထံ တစ်ဦးတည်းသောအေးဂျင့်အဖြစ် ဈေးကွက်တင်ရောင်းချခြင်းနှင့် Class A Properties အား မြန်မာနှင့်ဆက်နွယ်မှုမရှိသော အဖွဲ့အစည်းများ၊ သို့မဟုတ် ဂျပန်နှင့် မဆက်နွယ်သောအဖွဲ့အစည်းများသို့ ဂျပန်ပူးပေါင်းကော်ပိုရေးရှင်းအဖွဲ့မှ အဖွဲ့ဝင်များဖြင့် လက်တွဲကာ ဈေးကွက်တင်ရောင်းချခြင်းနှင့်
- ကျွန်ုပ်တို့၏ ဒါရိုက်တာများက ၎င်းတို့၏ ဆင်ခြင်တုံတရားအရ ဆုံးဖြတ်ကာ သီလဝါအထူးစီးပွားရေးဇုန် (Class A Area မှအပ) သို့မဟုတ် ၎င်း၏ မည်သည့်အစိတ်အပိုင်းတွင်မဆို တည်ဆောက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း။

ကုမ္ပဏီနှင့်ပတ်သက်၍ ထပ်မံသိရှိလိုသောအချက်များအတွက် ၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၇) ရက်စွဲပါ ကုမ္ပဏီ၏ အလားအလာညွှန်းတမ်းကို ကြည့်ရှုနိုင်ပါသည်။

ကုမ္ပဏီသည် ၂၀၁၆ ခုနှစ်၊ မေလ (၂၀) ရက်နေ့တွင် ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ခဲ့ပါသည်။

လက်အောက်ခံကုမ္ပဏီ၏ အဓိက စီးပွားရေးလုပ်ငန်းများမှာ

- သီလဝါအထူးစီးပွားရေးဇုန်အတွင်း မြို့ပြအိမ်ယာဖွံ့ဖြိုးရေး လုပ်ငန်းများဖြစ်သည့် မြေယာများဖော်ထုတ်ခြင်း၊ စီးပွားရေးဇုန်များ၊ လူနေအိမ်ရာများ၊ ရုံးခန်းများနှင့် ဆက်စပ်အဆောက်အဦများ တည်ဆောက်ခြင်း၊ ရောင်းချခြင်းနှင့် ငှားရမ်းခြင်းတို့ဆောင်ရွက်ရန်။
- အကြံပြုအင်ဂျင်နီယာလုပ်ငန်းများဆောင်ရွက်ရန်။
- ဆောက်လုပ်ရေးလုပ်ငန်းဆိုင်ရာ ကုန်ကြမ်း၊ ကုန်ချောပစ္စည်းများ၊ အထောက်အကူပြု စက်ယန္တရားယာဉ်နှင့် အရန်ဆက်စပ်ပစ္စည်းများကို ပြည်ပမှတင်သွင်းခြင်း၊ ပြည်တွင်း၌ဝယ်ယူခြင်း၊ ငှားရမ်းခြင်းနှင့် ပြန်လည်ရောင်းချခြင်း။
- ကုမ္ပဏီအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ အကျိုးဖြစ်ထွန်းစေမည်ဆိုပါက မည်သည့်ပုဂ္ဂိုလ် (သို့မဟုတ်) ကုမ္ပဏီနှင့်မဆို အစုစပ်ဝင်လုပ်ရန် (သို့မဟုတ်) အမြတ်များအား မျှဝေရန်အတွက် စီစဉ်မှုကိစ္စရပ်တွင် ပါဝင်ရန် (သို့မဟုတ်) အကျိုးအမြတ်အတွက် ပူးပေါင်းဖွဲ့စည်းရန် (သို့မဟုတ်) ဖက်စပ်လုပ်ကိုင်ရန်။
- မြေယာအဆောက်အအုံအပါအဝင် ပိုင်ဆိုင်မှုများ၊ ရပိုင်ခွင့်များ၊ လုပ်ငန်းလုပ်ပိုင်ခွင့်များ၊ လိုင်စင်များ၊ ဂရန်များ၊ မူပိုင်များ၊ ကုန်အမှတ်တံဆိပ်များ၊ မူပိုင်ခွင့်များ၊ ဝယ်ရန် (သို့မဟုတ်) အခြားနည်းလမ်းများဖြင့် ရယူရန်နှင့် ၎င်းပစ္စည်းများနှင့် အခွင့်အရေးများကို သင့်တော်သလို ဖွံ့ဖြိုးတိုးတက်စေရန်၊ အကျိုးရှိစွာအသုံးချရန်နှင့် စီမံဆောင်ရွက်ရန်။

အကျဉ်းချုံးစုပေါင်းကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများ ("ကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများ") သည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့နှင့် ထိုနေ့ကုန်ဆုံးသော ခြောက်လကာလအတွက် ကုမ္ပဏီနှင့် ၎င်း၏လက်အောက်ခံ ကုမ္ပဏီ ("ကုမ္ပဏီအုပ်စု") တို့ပါဝင်ပါသည်။

## ၂။ စာရင်းရေးဆွဲခြင်းဆိုင်ရာအခြေခံမှုများ

ပူးတွဲပါရှိသော ကြားဖြတ်ဘဏ္ဍာရေးရေးရှင်းတမ်းများကို နိုင်ငံတကာစာရင်းကိုင်စံ ၃၄ ကြားဖြတ်ဘဏ္ဍာရေးအစီရင်ခံခြင်းနှင့်အညီ ရေးဆွဲထားပါသည်။ ကုမ္ပဏီအုပ်စုသည် ကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများကို ဆက်လက် ရှင်သန်

လည်ပတ်နိုင်သည့် လုပ်ငန်းအဖြစ် ဆက်လက်သွားနိုင်မည့် အခြေခံအကြောင်းရင်းအပေါ်အခြေခံ၍ ရေးဆွဲထားပါသည်။ ဤယူဆချက်အပေါ် သိသာထင်ရှားသောသံသယများကို ဖြစ်ပေါ်စေနိုင်သည့် အရေးပါသော မသေချာမရေရာမှုများ မရှိဟု ဒါရိုက်တာများက ယူဆပါသည်။ ကုမ္ပဏီအုပ်စုသည် ကြိုတင်သိမြင်နိုင်သော အနာဂတ်ကာလ၊ အစီရင်ခံသည့် ကာလပြီးဆုံးချိန်မှ ၁၂ လ ထက် မနည်းသောအချိန်တွင် လုပ်ငန်းဆက်လက်လည်ပတ်နိုင်ရန် လုံလောက်သော အရင်း အမြစ်များရှိကြောင်း ကျိုးကြောင်းဆီလျော်သော မျှော်လင့်ချက်တစ်ခု ဆုံးဖြတ်ထားရှိပြီး ဖြစ်ပါသည်။

နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများနှင့်အညီ ရေးဆွဲထားသည့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများတွင် ပြည့်စုံသော အချက်အလက်နှင့် ထုတ်ဖော်ချက်များအားလုံး ကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများတွင် မပါဝင်ပါ။ ၎င်းတို့ကို ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများနှင့် တွဲဖက်ဖတ်ရှုရပါမည်။ သို့သော်လည်း နောက်ဆုံးနှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများမှစ၍ ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးအခြေအနေနှင့် ဆောင်ရွက်ချက်အပြောင်း အလဲများကို နားလည်သဘောပေါက်စေရန် အရေးကြီးသောဖြစ်ရပ်များနှင့် လုပ်ဆောင်ချက်များ ရွေးချယ်ထားသော ရှင်းလင်းချက်မှတ်စုများတွင် ပါဝင်ပါသည်။

## ၃။ စာရင်းကိုင်မူများ

ကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများ ရေးဆွဲရာတွင် ချမှတ်ထားသော စာရင်းကိုင်မူများသည် ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသောနှစ်အတွက် ကုမ္ပဏီအုပ်စု၏ နှစ်ချုပ်စုပေါင်းဘဏ္ဍာရေးရှင်းတမ်းများ ရေးဆွဲရာတွင် လိုက်နာ ဆောင်ရွက်သည့် စာရင်းကိုင်မူများနှင့် ကိုက်ညီပါသည်။

### ၃.၁။ အသစ်ပြဋ္ဌာန်းသည့်စာရင်းကိုင်စံများ၊ ရှင်းလင်းချက်များနှင့် ပြင်ဆင်ချက်များ

ကုမ္ပဏီအုပ်စု၏ ကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများအပေါ် သိသာထင်ရှားသော အကျိုးသက်ရောက်မှုရှိစေသည့် ၂၀၂၄ ခုနှစ်၊ ဧပြီလ (၁) ရက်နေ့မှ စတင်အကျိုးသက်ရောက်သည့် စာရင်းဆိုင်ရာ ထုတ်ပြန်ချက်များမရှိပါ။ ကုမ္ပဏီအုပ်စုသည် ထုတ်ပြန်ထားပြီး စတင်အကျိုးသက်ရောက်မှုမရှိသေးသော စာရင်းကိုင်စံ၊ ရှင်းလင်းချက် (သို့မဟုတ်) ပြင်ဆင်ချက်ကိုမျှ ဆောလျှင်စွာ လက်ခံကျင့်သုံးခြင်းမရှိပါ။

## ၄။ ဆုံးဖြတ်ချက်နှင့်ခန့်မှန်းချက်များအသုံးပြုမှု

နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းဆိုင်ရာစံများနှင့်အညီ ကုမ္ပဏီအုပ်စု၏ ဘဏ္ဍာရေးရှင်းတမ်းများကို ပြုစုရာတွင် စီမံအုပ်ချုပ်ရေးတွင် တာဝန်ရှိသူများသည် စာရင်းဆိုင်ရာမူဝါဒများနှင့် အစီရင်ခံစာပါ ဝင်ငွေများ၊ အသုံးစရိတ်များ၊ ရပိုင်ခွင့်များ၊ ပေးရန်တာဝန်များကို အကျိုးသက်ရောက်စေသောဆုံးဖြတ်ချက်များ၊ ခန့်မှန်းချက်များနှင့် ယူဆချက်များကို ပြုလုပ်ရပါသည်။ အမှန်တကယ်ရလဒ်များသည် ထိုခန့်မှန်းချက်များနှင့် ကွဲလွဲကောင်း ကွဲလွဲနိုင်ပါသည်။

ခန့်မှန်းခြေများနှင့် ယူဆချက်များကို စဉ်ဆက်မပြတ် ပြန်လည်စိစစ်ပါသည်။ စာရင်းဆိုင်ရာခန့်မှန်းချက်များ ပြန်လည်စိစစ်ခြင်းများကို ယင်းသို့ပြန်လည်စိစစ်သည့်နှစ်နှင့် အကျိုးသက်ရောက်မှုရှိသော လာမည့်နှစ်များတွင် စာရင်းဖော်ဆောင်ပါသည်။

ခန့်မှန်းချက်မသေချာမရေရာမှု၏ အဓိကအရင်းအမြစ်များအပါအဝင် ကြားဖြတ်ဘဏ္ဍာရေးရှင်းတမ်းများတွင် ကျင့်သုံးသော ဆုံးဖြတ်ချက်များ၊ ခန့်မှန်းချက်များနှင့် ယူဆချက်များသည် ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ ကုန်ဆုံးသော နှစ်အတွက် ကုမ္ပဏီအုပ်စု၏ နောက်ဆုံးနှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများတွင် ကျင့်သုံးသည့်အရာများနှင့် အတူတူပင် ဖြစ်ပါသည်။

## ၅။ လက်ရှိအစီရင်ခံကာလတွင် အရေးပါသောပြောင်းလဲမှုများ

၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့အထိ ခြောက်လကာလအတွင်း အောက်ပါဖြစ်ရပ်များနှင့် လုပ်ဆောင်ချက်များက ကုမ္ပဏီအုပ်စု၏ဘဏ္ဍာရေးအခြေအနေနှင့် ဆောင်ရွက်ချက်ကို အထူးသဖြင့် အကျိုးသက်ရောက်စေခဲ့ပါသည်။

- နိုင်ငံခြားငွေဖြင့် စီမံခန့်ခွဲမှုအခကြေးငွေများ တိုးမြင့်လာခြင်း၊ လုပ်ငန်းလည်ပတ်သည့် ငွေကြေးတန်ဖိုးနှင့် ယှဉ်ပါက နိုင်ငံခြားငွေကြေးတန်ဖိုးအားကောင်းလာခြင်းကြောင့် ဝင်ငွေတိုးလာခြင်း၊
- အစီရင်ခံသည့်ကာလကုန်ဆုံးချိန်ရှိ နိုင်ငံခြားငွေကြေးတန်ဖိုးဖြင့်သတ်မှတ်ထားသည့် ငွေကြေးအားဖြင့် တည်ငြိမ်စွာ ဖော်ပြနိုင်သောအရာများကို (မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲနှုန်းမှ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ FX Market Online Trading Platform Data ၏ ငွေလဲနှုန်းသို့ ပြောင်းလဲခြင်း) စာရင်းပိတ်ချိန်ရှိ ငွေလဲလှယ်နှုန်းဖြင့် ပြောင်းလဲခြင်းကြောင့် အမှန်မပေါ်ပေါက်ခဲ့သောငွေကြေးလဲလှယ်မှုအမြတ်များတိုးလာခြင်း၊
- အဆောင် ဘီ နှင့် စီ ပြုပြင်ခြင်း၊ ငှားရမ်းထားသောအခန်းများတွင် မီတာဘောက်၊ လျှပ်စစ်ကြိုးများ တပ်ဆင်ခြင်း၊ မြေအောက်လျှပ်စစ်ကြိုးများ ပြုပြင်ထိန်းသိမ်းခြင်းနှင့် လုပ်ငန်းလည်ပတ်သည့် ငွေကြေးတန်ဖိုးနှင့် ယှဉ်ပါက နိုင်ငံခြားငွေကြေးတန်ဖိုး အားကောင်းလာခြင်းကြောင့် အရောင်းကုန်ကျစရိတ်များ တိုးလာခြင်း၊
- ရင်းနှီးမြှုပ်နှံထားသော တွဲဖက်ကုမ္ပဏီ၏ အမြတ်ငွေကျဆင်းမှုကြောင့် အချိုးကျအသားတင်အမြတ်ငွေ လျော့နည်းလာခြင်း၊
- ခြောက်လကာလအတွင်း တွဲဖက်ကုမ္ပဏီထံမှ အချိုးကျအသားတင်အမြတ်ငွေကြောင့် တွဲဖက်ကုမ္ပဏီ၏ ရင်းနှီးမြှုပ်နှံမှုငွေလက်ကျန် တိုးလာခြင်း၊
- ကုန်လက်ကျန်များထဲမှ လူနေဆိုင်ခန်း (၂) ခန်း အသုံးပြုမှုပုံစံ ပြောင်းလဲသွားခြင်းကြောင့် ရင်းနှီးမြှုပ်နှံထားသော ပိုင်ဆိုင်ပစ္စည်းလက်ကျန် တိုးလာခြင်း၊
- ကုန်လက်ကျန်များထဲမှ လူနေဆိုင်ခန်း (၂) ခန်း အသုံးပြုမှုပုံစံပြောင်းလဲသွားခြင်းကြောင့် ကုန်လက်ကျန်များ လျော့နည်းလာခြင်း၊
- အစီရင်ခံသည့်ကာလကုန်ဆုံးချိန်ရှိ နိုင်ငံခြားငွေကြေးတန်ဖိုးဖြင့် သတ်မှတ်ထားသည့် ငွေကြေးအားဖြင့် တည်ငြိမ်စွာ ဖော်ပြနိုင်သော ငွေနှင့်ဘဏ်လက်ကျန်များကို (မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ ရည်ညွှန်းငွေလဲနှုန်းမှ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၏ FX Market Online Trading Platform Data ၏ ငွေလဲနှုန်းသို့ ပြောင်းလဲခြင်း) စာရင်းပိတ်ချိန်ရှိ ငွေလဲလှယ်နှုန်းဖြင့် ပြောင်းလဲခြင်းကြောင့် ငွေနှင့်ဘဏ်လက်ကျန်များတိုးလာခြင်း၊
- ဘဏ်မှစာရင်းပိုထုတ်ချေးငွေများပြန်လည်ပေးဆပ်ထားခြင်းကြောင့် ချေးယူငွေလက်ကျန် လျော့နည်းလာခြင်း၊

## ၆။ အစိတ်အပိုင်းအချက်အလက်များ

စီမံအုပ်ချုပ်ရေးတွင် တာဝန်ရှိသူများသည် မဟာဗျူဟာဆုံးဖြတ်ချက်များချရာတွင် အသုံးပြုသည့် အဓိကကျသော စီမံအုပ်ချုပ်မှုအဖွဲ့မှ ပြန်လည်သုံးသပ်ထားသော အစီရင်ခံစာများအပေါ် အခြေခံ၍ လုပ်ငန်းဆောင်ရွက်မှုအစိတ်အပိုင်းများကို ဆုံးဖြတ်ပါသည်။ အဓိကကျသောစီမံအုပ်ချုပ်မှုအဖွဲ့တွင် ဥက္ကဋ္ဌ၊ အမှုဆောင်အရာရှိချုပ်၊ ဘဏ္ဍာရေး အရာရှိချုပ်နှင့် လုပ်ငန်းတစ်ခုစီ၏ အကြီးအကဲများသည် သက်ဆိုင်ရာလုပ်ငန်းအလိုက် ဥက္ကဋ္ဌထံ တိုက်ရိုက်တင်ပြသော လုပ်ငန်းအကြီးအကဲများ ပါဝင်ပါသည်။

နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံ ၈ ခေါင်းစဉ်အောက်ရှိ ကုမ္ပဏီအုပ်စု၏ အစီရင်ခံသည့်အစိတ်အပိုင်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

၁။ ရင်းနှီးမြှုပ်နှံမှုအစိတ်အပိုင်းသည် လက်အောက်ခံကုမ္ပဏီနှင့် တွဲဖက်ကုမ္ပဏီတွင် ရင်းနှီးမြှုပ်နှံခြင်းနှင့် တွဲဖက်ကုမ္ပဏီ၏ စီမံအုပ်ချုပ်ရေးအပိုင်းတွင် ပါဝင်ဆောင်ရွက်ခြင်းတို့ဖြစ်ပါသည်။

၂။ လူနေအိမ်ခြံမြေအစိတ်အပိုင်းသည် အိမ်ရာဖွံ့ဖြိုးရေးလုပ်ငန်း၊ တည်ဆောက်ထားပြီးသော လူနေအိမ်နှင့် မြေများ ရောင်းချခြင်း၊ အိမ်ခြံမြေစီမံခန့်ခွဲရေး ဝန်ဆောင်မှုများနှင့် အိမ်ခြံမြေ အငှားချလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ ဖြစ်ပါသည်။

အောက်ပါဇယားများသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့နှင့် ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ ကုန်ဆုံးသော ခြောက်လကာလအတွက် ကုမ္ပဏီအုပ်စု၏ လုပ်ငန်းဆောင်ရွက်မှုအစိတ်အပိုင်းများအတွက် ဝင်ငွေနှင့် အမြတ် အချက်အလက်များကို တင်ပြပါသည်။

| ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ ကုန်ဆုံးသော ခြောက်လ | အစီရင်ခံသည့်အစိတ်အပိုင်း ရင်းနှီးမြှုပ်နှံမှု | လူနေ အိမ်ခြံမြေ | စုစုပေါင်း အစီရင်ခံသည့် အစိတ်အပိုင်းများ | စာရင်းညှိနှိုင်းမှုများ နှင့် စာရင်းရှင်းလင်းမှုများ | စုစုပေါင်း |
|---|---|---|---|---|---|
| | မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | | | | |
| **ဝင်ငွေ** | | | | | |
| ပြင်ပဝယ်ယူသူ | ၁,၅၆၀,၀၅၀ | ၂၅၉,၅၀၆ | ၁,၈၁၉,၅၅၆ | - | ၁,၈၁၉,၅၅၆ |
| အစိတ်အပိုင်းအချင်းချင်း | - | - | - | - | - |
| စုစုပေါင်းဝင်ငွေ | ၁,၅၆၀,၀၅၀ | ၂၅၉,၅၀၆ | ၁,၈၁၉,၅၅၆ | - | ၁,၈၁၉,၅၅၆ |
| **ရလဒ်** | | | | | |
| အခွန်မဆောင်မီအစိတ်အပိုင်း အမြတ်/ အရှုံး | ၆,၅၀၈,၃၂၈ | ၁,၆၄၆,၇၄၀ | ၈,၁၅၅,၀၆၈ | ၆,၁၆၇ | ၈,၁၆၁,၂၃၅ |

| **၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့ ကုန်ဆုံးသောခြောက်လ** | **ရင်းနှီးမြှုပ်နှံမှု** | **လူနေအိမ်ခြံမြေ** | **စုစုပေါင်း အစီရင်ခံသည့် အစိတ်အပိုင်းများ** | **စာရင်းညှိနှိုင်းမှုများနှင့် စာရင်းရှင်းလင်းမှုများ** | **စုစုပေါင်း** |
|---|---|---|---|---|---|
| | မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | | | | |
| **ဝင်ငွေ** | | | | | |
| ပြင်ပဝယ်ယူသူ | ၈၀၃,၆၈၈ | ၂၄၃,၃၇၀ | ၁,၀၄၇,၀၅၈ | - | ၁,၀၄၇,၀၅၈ |
| အစိတ်အပိုင်းအချင်းချင်း | - | - | - | - | - |
| စုစုပေါင်းဝင်ငွေ | ၈၀၃,၆၈၈ | ၂၄၃,၃၇၀ | ၁,၀၄၇,၀၅၈ | - | ၁,၀၄၇,၀၅၈ |
| **ရလဒ်** | | | | | |
| အခွန်မဆောင်မီအစိတ်အပိုင်း အမြတ်/ အရှုံး | ၁,၄၉၅,၁၅၄ | (၂၄၅,၄၇၆) | ၁,၂၄၉,၆၇၈ | ၆,၅၀၉ | ၁,၂၅၆,၁၈၇ |

အောက်ဖော်ပြပါဇယားများသည် ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်နေ့နှင့် ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက်နေ့ရှိ ကုမ္ပဏီအုပ်စု၏ လုပ်ငန်းဆောင်ရွက်မှုအစိတ်အပိုင်းများအတွက် ရပိုင်ခွင့်များနှင့် ပေးရန်တာဝန်များကို တင်ပြပါသည်။

| | **အစီရင်ခံသည့်အစိတ်အပိုင်း** | | | | |
|---|---|---|---|---|---|
| | **ရင်းနှီးမြှုပ်နှံမှု** | **လူနေအိမ်ခြံမြေ** | **စုစုပေါင်း အစီရင်ခံသည့် အစိတ်အပိုင်းများ** | **စာရင်းညှိနှိုင်းမှုများနှင့် စာရင်းရှင်းလင်းမှုများ** | **စုစုပေါင်း** |
| | မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | | | | |
| **ရပိုင်ခွင့်များ** | | | | | |
| ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက် | **၈၆,၂၄၆,၁၈၅** | **၄၀,၇၇၆,၃၂၁** | **၁၂၇,၀၂၂,၅၀၆** | **(၂၇,၀၁၀,၆၂၀)** | **၁၀၀,၀၁၁,၈၈၆** |
| ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက် | ၈၀,၁၈၁,၆၃၀ | ၃၉,၁၅၅,၉၃၅ | ၁၁၉,၃၃၇,၅၄၅ | (၂၇,၀၁၆,၉၂၃) | ၉၂,၃၂၀,၆၂၂ |
| **ပေးရန်တာဝန်များ** | | | | | |
| ၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက် | **၃,၅၁၁,၇၁၇** | **၂၁၇,၁၉၇** | **၃,၇၂၈,၉၁၄** | **-** | **၃,၇၂၈,၉၁၄** |
| ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက် | ၁,၉၃၉,၀၃၄ | ၂၃၇,၆၄၉ | ၂,၁၇၆,၆၈၃ | (၁၃၆) | ၂,၁၇၆,၅၄၇ |

အစီရင်ခံသည့်အစိတ်အပိုင်းအမြတ်/ (အရှုံး) ကိုက်ညှိရှင်းတမ်း

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်** | ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက် |
|---|---|---|
| အစီရင်ခံသည့်အစိတ်အပိုင်းများအတွက် စုစုပေါင်းအခွန်မနှုတ်မီ အသသားတင်အမြတ်/ (အရှုံး) | **၈,၁၅၅,၀၆၈** | ၁,၂၄၉,၆၇၈ |
| စာရင်းညှိနှိုင်းမှုများနှင့် စာရင်းရှင်းလင်းမှုများ | | |
| - မပေါ်ပေါက်ခဲ့သောအမြတ်စာရင်းညှိနှိုင်းမှု | **၆,၁၆၇** | ၆,၅၀၉ |
| အခွန်မနှုတ်မီ အမြတ်/(အရှုံး) | **၈,၁၆၁,၂၃၅** | ၁,၂၅၆,၁၈၇ |

၇။ **Financial instruments and financial risks**

**Overview**

ကုမ္ပဏီအုပ်စုမှ ရင်ဆိုင်ခဲ့ရသော အဓိက ဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ်များနှင့် အဓိက ငွေကြေးဆိုင်ရာ လုပ်ဆောင်ချက်နှင့် သက်ဆိုင်သောမူဝါဒများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

- Foreign exchange risk
- Credit risk
- Market risk
- Liquidity and cash flows risk

ဤမှတ်စုသည် ကုမ္ပဏီအုပ်စုမှ ကြုံတွေ့နိုင်သော အထက်ဖော်ပြပါ ဆုံးရှုံးနိုင်ခြေ အန္တရာယ်တစ်ခုစီအတွက် သတင်းအချက်အလက်များ၊ အဆိုပါ ဆုံးရှုံးနိုင်ခြေ အန္တရာယ်များကို တိုင်းတာရန်နှင့် စီမံခန့်ခွဲရန်အတွက် ကုမ္ပဏီအုပ်စုမှ ချမှတ်ထားသော ရည်မှန်းချက်များ၊ မူဝါဒများနှင့် လုပ်ငန်းစဉ်များကို တင်ပြထားပါသည်။

**Foreign exchange risk**

ကုမ္ပဏီအုပ်စုသည် နိုင်ငံခြားငွေကြေးဖြင့် စာရင်းသွင်းထားသော ရပိုင်ခွင့်နှင့် ပေးရန်တာဝန်များအတွက် နိုင်ငံခြားငွေလဲလှယ်မှုနှင့် ပတ်သက်သည့် ဆုံးရှုံးနိုင်ခြေ အန္တရာယ်များကို ကြုံတွေ့နိုင်ပါသည်။ နိုင်ငံခြားငွေလဲလှယ်နှုန်း အတက်အကျဖြစ်ခြင်းကြောင့် သိသာထင်ရှားသော ဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးနိုင်ခြေ အန္တရာယ်များ ဖြစ်ပေါ်လာနိုင်ပါသည်။ အဆိုပါ ဆုံးရှုံးမှုများသည် ကုမ္ပဏီအုပ်စု၏ ဝင်ငွေအလုံးစုံပါဝင်သောရှင်းတမ်းရှိ အမှန်ပေါ်ပေါက်လာသော နိုင်ငံခြားငွေလဲလှယ်မှု အမြတ်/ အရှုံး စာရင်းတွင် အကြီးမားဆုံးသောအပိုင်းအဖြစ် ပါဝင်လာနိုင်ပါသည်။

သတ်မှတ်ဖော်ပြတန်ဖိုး (notional amount) ကို အခြေခံပြီး ကုမ္ပဏီအုပ်စုမှ ကြုံတွေ့နိုင်သော နိုင်ငံခြားငွေလဲလှယ်မှုနှင့်ပတ်သက်သည့် ဆုံးရှုံးနိုင်ခြေ အန္တရာယ်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်** | ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက် |
|---|---|---|
| ငွေနှင့်ငွေသားညီမျှခြင်းများ | **၁၇,၂၂၃,၀၉၄** | ၁၀,၂၄၈,၉၃၅ |
| ကုန်သွယ်မှုနှင့်အခြားရရန်ရှိများ | **-** | ၁၇,၆၄၀ |
| ကုန်သွယ်မှုနှင့်အခြားပေးရန်ရှိများ | **(၁၄,၈၇၅)** | (၈,၈၅၁) |
| အသားတင်ငွေကြေးပိုင်ဆိုင်မှု | **၁၇,၂၀၈,၂၁၉** | ၁၀,၂၅၇,၇၂၄ |

**Foreign currency sensitivity**

အောက်ဖော်ပြပါ ခွဲခြမ်းစိတ်ဖြာစိစစ်ချက်တွင် မြန်မာကျပ်ငွေ ၁၀% အတိုး/ အလျော့ ဖြစ်ပေါ်မှုအပေါ် သက်ဆိုင်ရာ နိုင်ငံခြားငွေကြေးများ၏ အထိအခိုက်ခံနိုင်မှု အသေးစိတ်ကို ဖော်ပြထားသည်။ ၁၀% သည် အထိအခိုက်ခံနိုင်မှုနှုန်းအဖြစ် နိုင်ငံခြားငွေလဲလှယ်မှုနှင့်ပတ်သက်သည့် ကြုံတွေ့နိုင်သော ဆုံးရှုံးနိုင်ခြေ အန္တရာယ်များကို သော့ချက်ကျသော စီမံအုပ်ချုပ်သူများသို့ လုပ်ငန်းအတွင်း သတင်းပို့ရာတွင် အသုံးပြုသောနှုန်း ဖြစ်သည့်အပြင် နိုင်ငံခြားငွေလဲလှယ်နှုန်း အပြောင်းအလဲ ဖြစ်နိုင်ချေ ရှိ၊ မရှိ စီမံအုပ်ချုပ်သူများ၏ အကဲဖြတ်မှုကိုလည်း ကိုယ်စားပြုပါသည်။ စီမံအုပ်ချုပ်သူများမှ ကျိုးကြောင်းဆီလျော်စွာ ဖြစ်နိုင်သည်ဟု ယူဆသည့် နိုင်ငံခြားငွေလဲလှယ်နှုန်း အပြောင်းအလဲသည် ဘဏ္ဍာရေးကာလ ကုန်ဆုံးချိန်ရှိ နိုင်ငံခြားငွေကြေးဖြင့် ဖော်ပြထားသော ပမာဏ မပြောင်းလဲသည့် လက်ကျန်များအပေါ် သက်ရောက်မှု ရှိပါသည်။ အထိအခိုက်ခံနိုင်မှု စိစစ်ချက်တွင် ဘဏ္ဍာရေးကာလကုန်ဆုံးချိန်ရှိ ငွေကြေးအားဖြင့် တည်ငြိမ်စွာဖော်ပြနိုင်သောအရာများကို နိုင်ငံခြားငွေကြေးဖြင့် ဖော်ပြထားသော လက်ကျန်များ ပါဝင်ပြီး နိုင်ငံခြားငွေလဲလှယ်နှုန်း ၁၀% ပြောင်းလဲမှုအတွက် ဘဏ္ဍာရေးကာလကုန်ဆုံးချိန်ရှိ ငွေကြေးပြောင်းလဲသတ်မှတ်မှုကို ညှိနှိုင်းထားပါသည်။

အမေရိကန်ဒေါ်လာသည် လုပ်ငန်းလုပ်ဆောင်သည့် ငွေကြေးတန်ဖိုးထက် ၁၀% အားကောင်းလာပါက ဘဏ္ဍာရေးကာလ များအတွက် အခွန်မလျှော့ထားမီ အမြတ်သည် အောက်ပါအတိုင်း တိုးလာပါသည်။

| မြန်မာကျပ်ငွေ (ကျပ်ထောင်ပေါင်း) | **အခွန်မလျှော့ထားမီ အမြတ်** |
|---|---|
| **၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်** | |
| အမေရိကန်ဒေါ်လာ ၁၀% အားကောင်းလာခြင်း | **၁,၇၂၀,၇၃၄** |
| ၂၀၂၄ ခုနှစ်၊ မတ်လ (၃၁) ရက် | |
| အမေရိကန်ဒေါ်လာ ၁၀% အားကောင်းလာခြင်း | ၁,၀၂၅,၇၇၆ |

အမေရိကန်ဒေါ်လာသည် လုပ်ငန်းလုပ်ဆောင်သည့် ငွေကြေးတန်ဖိုးအောက် ၁၀% လျော့နည်းသွားပါက ဘဏ္ဍာရေး ကာလများ၏ အခွန်မလျှော့ထားမီအမြတ်အပေါ်တွင် ပြောင်းပြန်အကျိုးသက်ရောက်မှု ရှိမည်ဖြစ်ပါသည်။

**Credit risk**

ကြွေးမြီနှင့်ပတ်သက်သည့် ဆုံးရှုံးနိုင်ခြေအန္တရာယ်သည် ကုမ္ပဏီအုပ်စုနှင့် ပြင်ပလုပ်ငန်းအပ်နှံသူများထံမှ ကုမ္ပဏီအုပ်စု၏ ရရန်ရှိသည့်ငွေများကြောင့် အဓိကဖြစ်ပေါ်ပြီး လုပ်ငန်းအပ်နှံသူတစ်ဦး သို့မဟုတ် မိတ်ဖက်တစ်ဦးမှ ၎င်းတို့၏ ငွေကြေးဆိုင်ရာစာချုပ်ပါ တာဝန်ဝတ္တရားများကို လိုက်နာရန် ပျက်ကွက်ခဲ့လျှင် ကုမ္ပဏီအုပ်စုအတွက် ဘဏ္ဍာရေးဆိုင်ရာ ဆုံးရှုံးမှုများဖြစ်ပေါ်နိုင်သည့် အန္တရာယ် ဖြစ်ပါသည်။ ကုမ္ပဏီတွင်း စာရင်းစစ်အဖွဲ့သည် ကြွေးမြီနှင့် ပတ်သက်သည့် ဆုံးရှုံးနိုင်ခြေအန္တရာယ် ဖြစ်ပေါ်နိုင်ချေ ရှိ၊ မရှိကို သုံးသပ်ရန်အတွက် ပေါ်ရှိ ဘဏ္ဍာရေးရှင်းတမ်းများပေါင်းချုပ်ကို အမြဲပြန်လည် သုံးသပ်လျက် ရှိပါသည်။

**Trade receivables**

ကုမ္ပဏီအုပ်စုတွင် ကြွေးမြီနှင့်ပတ်သက်သော မူဝါဒတစ်ခုထားရှိပြီး ဖောက်သည်များအတွက် ကြွေးမြီ ကန့်သတ်ချက်များကို ချမှတ်ထားသည့်အပြင် ၎င်းတို့၏ လက်ကျန်ငွေများကို စီမံအုပ်ချုပ်သူများမှ စဉ်ဆက်မပြတ် စောင့်ကြည့်လျက် ရှိပါသည်။ ကြွေးမြီအကဲဖြတ်မှုကို ဖောက်သည်များအားလုံးအတွက် ဆောင်ရွက်ခဲ့ပြီး ၎င်းတို့၏ ကြွေးမြီပြန်ဆပ်နိုင်မှု အတိုင်းအတာနှင့် ကုမ္ပဏီအုပ်စုသို့ ယခင်ကာလများတွင် ကြွေးမြီ ပေးဆပ်ခဲ့မှုများကိုပါ ထည့်သွင်းစဉ်းစားပါသည်။

